# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ
# Mobile Tablet များ ဖြန့်ဝေမှုအခြေအနေ

**နေပြည်တော်၊ ၂၀၂၀ ခုနှစ်၊ မေလ (၂၂) ရက်**

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် –
  - ပြည်သူများ၏ ကျန်းမာရေးအသိပညာ မြင့်မားတိုးတက်လာစေရန်၊
  - ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်များအား မြှင့်တင်နိုင်ရန်နှင့်
  - ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ Mobile Tablet များ အသုံးပြုပြီး အားဖြည့်ဆောင်ရွက်လျက်ရှိရာ (၂၀-၅-၂၀၂၀) ရက်နေ့အထိ အောက်ပါအတိုင်း Mobile Tablet များ ဖြန့်ဝေခဲ့ပါသည်။

| ကျန်းမာရေးဝန်ထမ်း | တိုင်းဒေသကြီး/ပြည်နယ် စုစုပေါင်း | ဖြန့်ဝေခဲ့သော Mobile Tablet အရေအတွက် |
|---|---|---|
| မြို့နယ်/တိုက်နယ်ဆရာဝန် | တိုင်းဒေသကြီး/ပြည်နယ်အားလုံး | ၁,၁၃၉ |
| အခြေခံကျန်းမာရေးဝန်ထမ်း<br>– လက်ထောက်ကျန်းမာရေးမှူး၊<br>– အမျိုးသမီးကျန်းမာရေးဆရာမ၊<br>– ကျန်းမာရေးကြီးကြပ် (၁)၊<br>– သားဖွားဆရာမ၊<br>– ကျန်းမာရေးကြီးကြပ် (၂) | တိုင်းဒေသကြီး/ပြည်နယ် (၁၀) ခု | ၁၃,၁၂၂ |
| **စုစုပေါင်း** | | **၁၄,၂၆၁** |

- ဆက်လက်၍ ကျန်တိုင်းဒေသကြီး/ပြည်နယ်များရှိ အခြေခံကျန်းမာရေးဝန်ထမ်း (၁၃,၄၀၀) ဦးအား Mobile Tablet များ ဖြန့်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
- Mobile Tablet ထပ်မံဖြန့်ဝေထားရှိသော တိုင်းဒေသကြီး/ပြည်နယ်များနှင့် အင်တာနက်အခြေပြု Video Conferencing စနစ်အသုံးပြု၍ Mobile Tablet အသုံးပြုနည်းသင်တန်းများ ပို့ချသွားမည်ဖြစ်ပါသည်။

- ဖြန့်ဝေခဲ့သော Mobile Tablet များတွင်
    - တိုင်းရင်းသားဘာသာစကား (၅၀) ကျော်သို့ ဘာသာပြန်ဆိုပြီးဖြစ်သော ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ
    - COVID-19 ရောဂါအပါအဝင် ကျန်းမာရေးအသိပညာပေး အချက်အလက်များ
    - လုပ်ငန်းလမ်းညွှန်နှင့် လက်စွဲစာအုပ်များ
    - ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ Application များ

  ထည့်သွင်းပေးထားပါသဖြင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရွေ့လျားစာကြည့်တိုက်သဖွယ် Online/Offline အသုံးပြုနိုင်မည်ဖြစ်ပါသည်။

- ထို့အပြင် အသစ်ထပ်မံထွက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စာအုပ်စာတမ်းများနှင့် Application များကိုလည်း Mobile Device Management (MDM) System အသုံးပြု၍ အဆိုပါ Mobile Tablet များသို့ ဗဟိုမှ အချိန်နှင့်တစ်ပြေးညီ ပေးပို့လျက်ရှိပါသည်။









**ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများတွင် Mobile Tablet များ အသုံးပြုဆောင်ရွက်ခြင်း**